၂၀၁၈ ခုနှစ်
တက္ကသိုလ်ဝင်စာမေးပွဲ
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

စိတ်ကြိုက်မြန်မာစာ

ခွင့်ပြုချိန်(၃)နာရီ

မေးခွန်းအားလုံးဖြေဆိုပါ။

၁။ (က) 'ငှက်ပျောသီး' ဝတ္ထုတိုမှနိမ့်ကျခဲ့ရသည့်ဘဝကိုမေ့တတ်သည့်လူ့သဘာဝကိုဖော်ပြပါ။ (၁၀မှတ်)

(သို့မဟုတ်)

'သေ့ဘွဲ့နှင့်နတ်ရုပ်' ဝတ္ထုတိုတွင်ဟန်ဆောင်ကောင်းလှသောလူ့လောကသဘာဝကို မည်သို့သရုပ်ဖော်တင်ပြထားသနည်း။

(ခ) 'အာဇာနည်မိခင်' ပြဇာတ်မှနေဝင်း၏အာဇာနည်ပီသသောစရိုက်ကိုလေ့လာတင်ပြပါ။ (၁၅မှတ်)

(သို့မဟုတ်)

'မြေပိုင်ရှင်ဦးကံကောင်းနှင့်သားသမီးများ' ပြဇာတ်မှကလေးသဘာဝစပ်စုတတ်သော မာဂရက်၏စရိုက်ကိုဖော်ပြပါ။

၂။ (က) အောက်ပါတို့မှ နှစ်ခုကို သံဝရပျို့အရ ရှင်းပြပါ။ (၁၀မှတ်)

(၁) ပိုင်းခြားလေးခု၊ ပုဂ္ဂိုလ်စုတွင်၊ ကြက်ဥသံချောင်၊ ကျန်သောယောင်သို့။

(၂) အဖကောင်းသား ၊ ယောက်ျားမပီ၊ မထီမဲ့လျင်း၊ စပါးဖျင်းသို့။

(၃) ဇာတိဥဇ္ဇာဏ်နိုင်၊ တစ်ပင်တိုင်ဖြင့်၊ မယိုင်မညွတ်၊ ခေါင်တစ်မွတ်သို့။

(၄) တိမ်ကြားမိုးလယ်၊ လျှပ်နွယ်တပြက်၊ ပြိုးတပြက်မျှ၊ ဈာန်မဂ်ရမည်၊ ရိပ်ခြည်မထင်။

(ခ) သံဝရပျို့မှ ဆရာကောင်းပီသသောဆရာအမတ်ကြီး၏စရိုက်ကိုဆွေးနွေးတင်ပြပါ။ (၁၅မှတ်)

(သို့မဟုတ်)

သံဝရပျို့မှ ရှင်မဟာရဋ္ဌသာရ၏အရေးအဖွဲ့စွမ်းရည်ကို ဝေဖန်အကဲဖြတ်ပါ။

၃။ (က) အောက်ပါတို့မှ နှစ်ခု အကြောင်းကို မှတ်စုရေးပါ။ (၁၀မှတ်)

ဒွေးချိုးစပ်နည်း၊ အိုင်ချင်းစပ်နည်း၊ တျာချင်း၊ သံချို။

(ခ) အောက်ပါကဗျာ၏ အမျိုးအမည်ကိုဖော်ပြ၍ ကာရန်ယူပုံကို သင်္ကေတဖြင့်ရှင်းပြပါ။ (၁၅မှတ်)

ပျိုလေးရက်တဲ့ရက်ကန်းစင်၊ ဘာဆင်လို့မေး။ မေးပါနဲ့အေ၊ တို့တစ်တွေချွေတာခြင်းကြောင့် တင်းတိမ်တဲ့လေး။

[ တစ်ဖက်သို့

၄။ (က) အောက်ပါတို့မှ ငါးခု ကို ဖြေပါ။ (၁၀မှတ်)

(၁) အင်ရုံဝန်ကြီးပြုစုခဲ့သောကျမ်းအမည်ကိုဖော်ပြပါ။

(၂) ဘကြီးတော်ဘုရားလက်ထက်ပညာရှင်များစုပေါင်း၍မှန်နန်းဆောင်တွင်ပြုစုခဲ့သော ကျမ်းအမည်ကိုဖော်ပြပါ။

(၃) ရာမရကန်မှ ထင်ရှားသောအချီးဘွဲ့တစ်ခုကိုဖော်ပြပါ။

(၄) ကုန်းဘောင်ခေတ်အမျိုးသမီးသားအမိစာဆို(၂)နှစ်ဦးကိုဖော်ပြပါ။

(၅) တေးထပ်ဟုအဘယ်ကြောင့်ခေါ်သနည်း။

(၆) ဝန်စာရေးဦးကြီး၏ထင်ရှားသောဝတ္ထုအမည်ကိုဖော်ပြပါ။

(၇) ကိုလိုနီခေတ်ဦးပိုင်းတွင်ထွန်းကားခဲ့သောစာပေပုံသဏ္ဍာန်တစ်မျိုးကိုဖော်ပြပါ။

(၈) ဦးဖေမောင်တင်ပြုစုခဲ့သော မြန်မာစာ၏အတိတ်အစဉ်အလာကိုထင်ရှားစေသည့် စာအုပ်အမည်ကိုဖော်ပြပါ။

(ခ) မြန်မာစာပေသမိုင်းမှတေးသီချင်းများထွန်းကားသည့်ထူးခြားသောကုန်းဘောင်ခေတ် အကြောင်းဆွေးနွေးပါ။ (၁၅မှတ်)

(သို့မဟုတ်)

မြန်မာစာပေသမိုင်းမှအမျိုးသားလှုပ်ရှားမှုကိုလှုံ့ဆော်ပေးသည့်ကိုလိုနီခေတ်ဝတ္ထုများ အကြောင်းဆွေးနွေးပါ။

---